IOWA WORKFORCE DEVELOPMENT

Burmease

## တန်းတူညီမျှသောအခွင့်အရေးသည် ဥပဒေဖြစ်သည်

ဖယ်ဒရယ် ငွေကြေးပိုင်းဆိုင်ရာပံ့ပိုးထောက်ပံ့မှု၏ ဤလက်ခံရရှိသူအနေနှင့် အောက်ဖော်ပြပါအခြေခံများပေါ်တွင် ခွဲခြားဆက်ဆံမှုပြုလုပ်ခြင်းသည် ဥပဒေအား ဆန့်ကျင်ခြင်း ဖြစ်သည်။

လူမျိုး၊ အသားရောင်၊ ကိုးကွယ်မှုဘာသာ၊ ကျားမ လိင်အမျိုးအစား၊ မူလနိုင်ငံသား၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ နိုင်ငံရေးဆိုင်ရာ အသင်းဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် ယုံကြည်မှု အစရှိသည့် အခြေခံအပေါ်တွင် United States ရှိ တစ်ဦးဦးတစ်ယောက်ယောက်အား ခွဲခြားဆက်ဆံမှု၊ နှင့် အလုပ်အင်အား တီထွင်ဆန်းသစ်မှု နှင့် အခွင့်အလမ်းဆိုင်ရာ အတ်ဥပဒေ (WIOA) ၏ ခေါင်းစဉ် I အောက်ရှိ ငွေကြေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် အစီအစဉ်များ၏ အကျိုးခံစားခွင့်များ မှန်သမျှတွင် အကျိုးခံစားခွင့်ရရှိသူ၏ နိုင်ငံသားဖြစ်မှု/အခြေအနေသည် United States တွင် အလုပ်လုပ်ရန် ခွင့်ပြုချက်ရရှိသည့် တရားဝင်လာရောက် ပြောင်းရွှေ့နေထိုင်သူတစ်ဦးအဖြစ် ရှိနေသည့်အပေါ်၊ သို့မှ မဟုတ် WIOA ခေါင်းစဉ် I - ငွေကြေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် အစီအစဉ် သို့မဟုတ် လုပ်ရှားမှုတစ်ခုခုတွင် သူ သို့မဟုတ် သူမ၏ ပါဝင်မှု အစရှိသည်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု။

လက်ခံရရှိသူအနေနှင့် အောက်ဖော်ပြပါဧရိယာများ မှန်သမျှတွင် ခွဲခြားဆက်ဆံမှုများ မပြုရပေ -

- WIOA ခေါင်းစဉ် I - ငွေကြေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် အစီအစဉ် သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုတစ်ခုခုသို့ မည်သူအနေနှင့် တက်ရောက်ခွင့်ရှိမည် သို့မဟုတ် ဝင်ရောက်ရယူနိုင်ခွင့်ရှိမည် ဆိုသည်တို့ကို ဆုံးဖြတ်ခြင်း၊
- အဆိုပါအစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုနှင့်ပတ်သက်ပြီး တစ်စုံတစ်ဦးအား အခွင့်အရေးများ ထောက်ပံ့ခြင်း သို့မဟုတ် ကုသမှုပေးခြင်း၊ သို့မှုမဟုတ် အဆိုပါ အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုအား စီမံအုပ်ချုပ်ဆောင်ရွက်မှု သို့မဟုတ် ၎င်းအစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုနှင့် ဆက်သွယ်နေသည့် အလုပ်ခန့်အပ်မှု ဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ခြင်း။

## သင့်အနေနှင့် ခွဲခြားဆက်ဆံမှုအား တွေ့ ကြုံခံစားခဲ့ရသည်ဟု ယုံကြည်လျှင် မည်သည်တို့ကို ဆောင်ရွက်ရမည်နည်း။

WIOA ခေါင်းစဉ် I - ငွေကြေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသည့် အစီအစဉ် သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုတစ်ခုအောက်တွင် ခွဲခြားဆက်ဆံမှုပြုခြင်းကို သင် တွေ့ ကြုံခံစားခဲ့ရသည်ဟု သင် ယူဆလျှင် အဆိုပါ စွဲဆိုထားသည့် ချိုးဖောက်မှုဖြစ်ပေါ်သည့် နေ့စွဲမှ ရက်ပေါင်း 180 အတွင်းတွင် မကျေနပ်တိုင်ကြားချက်တစ်ခုအား အောက်ဖော်ပြပါတစ်ခုခုအားဖြင့် သင် ဖိုင်တွဲတင်တိုင်ကြား ကောင်း တိုင်ကြားနိုင်ပေမည် -

လက်ခံရရှိသူ၏ တန်းတူညီမျှသော အခွင့်အရေးဆိုင်ရာ အရာရှိဖြစ်သူ

Jaimee Bullock, Equality and Diversity Officer
1000 East Grand Ave, Des Moines, Iowa 50319
Phone: (515) 725–4159
Email: jaimee.bullock@iwd.iowa.gov

(သို့မှုမဟုတ် ဤရည်ရွယ်ချက်အတွက် လက်ခံရရှိသူမှ တာဝန်ခန့်အပ်ခဲ့သည့် ပုဂ္ဂိုလ်)၊ သို့မဟုတ် ဒါရိုက်တာ၊ နိုင်ငံသားဆိုင်ရာအခွင့်အရေးများ စင်တာ (CRC)၊ U.S. အလုပ်သမားဌာန (U.S. Department of Labor) , 200 Constitution Avenue NW., Room N-4123, Washington, DC 20210

လက်ခံရရှိသူအပေါ် သင့် မကျေနပ်တိုင်ကြားချက်အား သင် ဖိုင်တွဲတင်လျှောက်ထားလျှင် နိုင်ငံသားဆိုင်ရာအခွင့်အရေးများ စင်တာ (အထက်ပါလိပ်စာအားကြည့်ရှုပါ) ဖြင့် ဖိုင်တွဲတင်လျှောက်ထား မှုမပြုမီ ၎င်းလက်ခံရရှိသူမှ ရေးသားထားသော အဆုံးသတ်ဆောင်ရွက်ချက်ဆိုင်ရာ သတိပေးအကြောင်းကြားချက်တစ်ခုအား ထုတ်ပြန်သည့်အချိန် အထိဖြစ်စေ၊ သို့မဟုတ် ရက်ပေါင်း 90 ကျော် လွန်ပြီးသွားသည့်အချိန်အထိဖြစ်စေ (မည်သည့် ပိုမိုလျှင်မြန်သည့်တစ်ခုခုသော ကာလအထိ) သင် စောင့်ဆိုင်းနေရမည် ဖြစ်သည်။

သင့်မကျေနပ်တိုင်ကြားချက်အား သင် ဖိုင်တွဲတင်လျှောက်ထားခဲ့သည့် နေ့စွဲမှ ရက်ပေါင်း 90 အတွင်းတွင် လက်ခံရရှိသူမှ သင့်ထံ ရေးသားထားသည့် အဆုံးသတ် ဆောင်ရွက်ချက်ဆိုင်ရာ သတိပေး အကြောင်းကြားချက်တစ်ခုအား ထုတ်ပြန်ပေးခြင်းမရှိပါလျှင် CRC ဖြင့် မကျေနပ်တိုင်ကြားချက်တစ်ခုအား ဖိုင်တွဲတင်လျှောက်ထားခြင်းမပြုမီ လက်ခံရရှိသူမှ ၎င်းသတိပေး အကြောင်းကြား ချက်အား ထုတ်ပြန်ပေးပို့အတွက်ငှာ သင် စောင့်ဆိုင်းနေဖို့ မလိုအပ်ပေ။ သို့သော် သင့်အနေနှင့် သင်၏ CRC မကျေနပ်တိုင်ကြား ချက်အား ရက်ပေါင်း 90 နောက်ဆုံး သတ်မှတ်ရက်ကာလ အဆုံးမှ ရက်ပေါင်း 30 အတွင်းတွင် (ဆိုလိုသည်မှာ လက်ခံရရှိသူအပေါ် သင့် မကျေနပ်တိုင်ကြားချက်အား သင် ဖိုင်တွဲတင်လျှောက်ထားခဲ့သည့် နေ့ရက်ပြီးနောက် ရက်ပေါင်း 120 အတွင်း) ဖိုင်တွဲတင် တိုင်ကြားမှု ပြုရမည်ဖြစ်သည်။

အကယ်၍ လက်ခံရရှိသူမှ သင့်တိုင်ကြားချက်အပေါ် ရေးသားထားသည့် အဆုံးသတ် ဆောင်ရွက်ချက်ဆိုင်ရာ သတိပေးအကြောင်းကြားချက်တစ်ခုအား သင့်ထံ ထုတ်ပေးသော်ငြားလည်း သင့်အနေနှင့် ဆုံးဖြတ်ချက် သို့မဟုတ် ဖြေရှင်းမှုနည်းလမ်းအပေါ်တွင် စိတ်ကျေနပ်မှုမရှိပါလျှင် CRC ဖြင့် မကျေနက်တိုင်ကြားချက်တစ်ခုအား သင် ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါမည်။ အဆုံးသတ်ဆောင်ရွက်ချက်ဆိုင်ရာ သတိပေးအကြောင်းကြားချက်အား သင် လက်ခံရရှိခဲ့သည့် နေ့စွဲမှ ရက်ပေါင်း 30 အတွင်းတွင် CRC ဖြင့် သင့် မကျေနပ်တိုင်ကြားချက်အား ဖိုင်တွဲတင် လျှောက်ထားရမည်ဖြစ်သည်။